လှူလိုက်တယ် ကုသိုလ်တိုး မလာဘူးလား။ တိုးပါတကားဟဲ့။ ကုသိုလ်က ဟော ထပ်ရလာပြီ ကုသိုလ်တွေ တိုးလာတာ အဲသလိုသိရမှာဗျ အဲတော့ စိစစ်ဖို့မကောင်းလား။

စေတနာအတိုင်း အကျိုးပေးပုံ(ဒုသီလရဟန်းနဲ့ ရှင်ဘုရင်ကြီး)

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတနာ အတိုင်း အကျိုးပေးတယ်တဲ့ ဗျာ့။ စေတနာ အတိုင်း အကျိုးပေးတယ်။ မကြားစဖူး ကြားဖူးထပ်မံ။ ရှေးထက်ကျော်ကာရီက တိုင်းပြည် အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီး တောလည်ခစားသွားတာ ရာသီဉတုက တန်ခူးကဆုန် သစ်ရွက် တွေက ကြွေ။ မကြွေတာက သုံးပုံမှာ တစ်ပုံလောက်ကျန်နေတယ်။ ကြွေတာက များတယ်။ အဲဒီမှာ သီလမရှိတဲ့ ရဟန်းကြီး ဒုသီလပုဂ္ဂိုလ်လို့ ခေါ်တယ်။ သူ့ကို လူတွေမြင်ကာ အကြည်ညို ပျက်မှာ စိုးလို့ လူသူလေးပါး အရောက်အပေါက် နည်းတဲ့ ချောင်းထဲမြစ်ထဲမှာ ငါးသွားမျှားတာ။ အဲသည် ရဟန်းကြီးကလေ လူတွေမြင်မှာ စိုးတာကိုး။ ဒုသီလ ပုဂ္ဂိုလ်ကြီး ငါးမျှားတာ။

ငါးမျှားတော့ချွတ်ချွတ်သံကြားတော့ နားထောင်။ အဲသည် ချွတ်ချွတ်သံဟာ လူဆိုရင် ခြေထောက်က မပြီးတော့ ဒီလိုကြွသွားတာ နှစ်ချောင်း။ တိရစ္ဆာန်ဆိုတော့ လေးချောင်း ခတ် မသွားဘူးလား။ ကဲ လေးချောင်းခတ်တာနဲ့ နှစ်ချောင်းကြွတာနဲ့ အသံချင်းတူရဲ့လား။ သင်္ကေတ အမှတ် ဟော ဒီအသံ လူသံပဲ။ ငါးမျှားတုတ်တံကို ဖွက် သစ်ပင်အရင်းမှာ ထိုင် ဖလသမာပတ် ဝင်တဲ့ပုံ ပေါ့ဟာ နေလိုက်တာ။ ရှင်ဘုရင်ကြီးတွေ့ ဦးတိုက်ရှိခိုး။ အရှင်ဘုရား အရှင်ဘုရား။ အရှင်ဘုရား ဘယ်မှာ သီတင်းသုံးသလဲဘုရာ့။ နေလို့ကောင်းရဲ့လား။ ထိုင်လို့ ကောင်းရဲ့လား။ ဘယ်လိုပဲ လျှောက်လျှောက် မထူးဘူး။ ဘယ်လိုပဲ လျှောက်လျှောက် မထူးဘူး။

ဧကန် မုချ သည်တောထဲ တောင်ထဲမှာသာမန် ပုဂ္ဂိုလ်မဟုတ် အာသဝေါကုန်တဲ့ ရဟန္တာ ဖြစ်မှာ။ အရှင် မင်းကြီး စိတ်ထဲက ရဟန္တာလို့ မအောက်မေ့ဘူးလား။ သူ အဲသည်ပုဂ္ဂိုလ်က ရဟန္တာ ဟုတ်ကဲ့လား။ သီလမရှိတဲ့ ရဟန်းကွဲ့။ဒုသီလ လူသူ လေးပါး သိမှာစိုးလို့ တောထဲမှာလာပြီးတော့ ငါး မျှားတာ။ သီလမရှိဘူး။ သို့သော် ဒီလိုနေတော့ သူ့စိတ်ထဲမှာ ရဟန္တာလို့ အောက်မေ့တာနော်။ သွားတော့တာ။ နန်းတော်ရောက်တော့ ရွှေတောင် ငွေတောင်တွေ ပေါက်တော့တာဟေ့။ အကျိုး ပေးတာ ။ ရွှေတောင် ငွေတောင်တွေ ပေါက်တော့တာ ရှင်ဘုရင်မှာ ကြားရဲ့လား။

ပွဲတော်ဆက်သတာ ပွဲတော် ဆက်ကပ်တဲ့အခါကျတော့ ကဲ ငါ့ကိုနောက်မှ ပြန်အသစ် ချက်ကြဦး။ အဲသည်မှာ အာသဝေါကုန်တဲ့ ရဟန္တာရှိတယ်။ အဲဒါ ဆွမ်းကပ်ရမယ်။ ဆွမ်းကပ် ဘယ်သူ့ လွှတ်ရမလဲ ရှင်ဘုရင်က စဉ်းစားတယ်။ ဝေဖန်တယ်။ ကျောင်းနေဖက်သူငယ်ချင်း။ အဲသည်လူက ကျောင်းသားတုန်းက လည်း စကားပြောတဲ့အခါ အပိုအလိုမရှိ။ တယ် တိကျတယ်။ အပိုအလို

မရှိဘူး။ သူရှင်ဘုရင်ဖြစ်တော့ အဲသည်ပုဂ္ဂိုလ်ကို အမတ်ရာထူး ခန့်တာ သူ့ကို အယုံကြည်ဆုံး။ ကဲ အဲဒီမှာ ဆွမ်းကပ်ချေလို့ လွှတ်တော့တာ။ မြို့က တောကို သွားတာ။

မြို့က တောကို သွားတော့ သစ်ရွက်က မရှိဘူး။ ချွတ်ချွတ်သံက မကြား အနား ရောက်ခါမှ ချွတ်ချွတ်သံကြား လှည့်ကြည့်တော့ကာ ငါးမျှားတံတဲ့ တုတ်တံက မဖွက်ခင်တော့ဘူး။ မဖွက်ခင် တော့ဘူး ကြားလား မိပြီ။ အမိန့်တော်ပါတဲ့အတိုင်း ဆွမ်းကပ်တယ် ကြားလား။ ဆွမ်းစား ဆီဦး ထောပတ်တွေ ပွဲတော်စာဆိုတော့ အင်မတန် ကောင်းတာပေါ့။ စားလို့ ပြီးတော့ စဉ်းစားတယ်။ အေး ငါတော့ သေရမှာနဲ့ နေရမှာ သေရမှာက များတယ်။ ကေန်မုချ ငါ့အကြောင်းကို သိပြီ။ သတ်တော့ မှာ။ ဒါတော့ သေမယ့် အတူတူတော့ မထူးတော့ဘူး။ တရား အားထုတ်ပြီးတော့ သေတော့မယ်။ တစ်ခါတည်း ကြောက်သွားတော့တာ။ မကြောက်ဘူးလား။ ကြောက်သလား။ ရှင်ဘုရင် သတ်တော့မှာ ဒါတော့ကာ တရား အားထုတ်ရင်းနဲ့ သေမယ်။ ဟိုတုန်းက ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ် တရားတွေကို သညာနဲ့ သိလာခဲ့တာ မှတ်လာခဲ့တာ ကြားရဲ့လား။ အဲတော့ ရွတ်တတ်တယ် ဖတ်တတ်တယ်နော် ရတယ် စာကလည်းရတယ်။ အဲဒီ ရပြီးတော့ သညာနဲ သိတာလေးကို နလုံးသွင်း အားထုတ်တော့တာဗျာ့ ကြားလား။

အဲဒါနဲ့ ပန်းကန်ခွက်ယောက်တွေ သိမ်းသိုပြန်လာခဲ့။ မုန်တာကိုသံတော်ဦး တင်စေ။ ငါးမျှား တုန်းကို တွေ့တယ်လို့ သံတော်ဦးတင်တယ်။ အာသဝေါ ကုန်တဲ့ ရဟန္တာကို သူယုတ်မာ ဖြစ်အောင် ပြောရ မလား။ အလုပ်က ဖြုတ်ပစ်တော့တာပေ့ါ။ ကြားလား။ ဟိုက မုန်နေတယ် သူ ပြောတာနော်။ ကဲ ရှင်ဘုရင် စိတ်ဓာတ်ထဲက ရဟန္တာလို့ စွဲနေတာ။ ဘယ်နယ့် အာသဝေါကုန်တဲ့ ရဟန္တာကို သူယုတ်မာ ဖြစ်အောင် ပြောရမလား အမတ်ရာထူး က ဖြုတ်ပစ်တော့တာ။ ဖြုတ်။

လေး ငါး ခုနစ်ရက် လောက်ကြာပြီ။ အင်း ငါ့သူငယ်ချင်း အမတ်ဟာ ကျောင်းသားတုန်းက လည်း စကား အပိုအလို မရှိ တိကျ အမတ်ရာထူးခန့်တော့ကာလည်း သူ့လောက်မုန်တာ မရှိ အဲတော့ သူ ပြောတာ ဟုတ်မှာ ဟိုပုဂ္ဂိုလ်က ကြားလား သူပြောတာ ဟုတ်မှာ စိတ်ပြောင်း သွားမလာဘူးလား။ စိတ်ပြောင်း သူယုတ်မာ ဆိုတဲ့ စိတ်ကို ပြောင်းသွားတော့တာ ဟိုမှာတော့ ကြောက်ကြောက်နဲ့ အားထုတ်တာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်သွား တော့တာပေ့ါ။ ဒုသီလကြီး က ရဟန္တာ ဖြစ်သွားတော့တာ ကြားလား။ ရဟန္တာ ဖြစ်သွားတော့ တာ။

ရဟန္တာဖြစ်ကာမှ နန်းတော်မှာ ရွှေတောင် ငွေတောင်တွေ ပျောက်သွားတော့တာ။ ရဟန္တာ ဖြစ်ကာမှ ပျောက်တာ။ ဘာ့ကြောင့် ပျောက်တာလဲလို့ စိစစ်ဖို့ မကောင်းလား။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတနာ အတိုင်း အကျိုး ပေးတယ်လို့ မဟောဘူးလား။ ရှင်ဘုရင် စိတ်က သူယုတ်မာလို့

ပြောင်းမသွားဘူးလား။ အမ်း သူယုတ်မာလို့ ပြောင်းသွားတာ ကြောက်ကြောက်နဲ့ တရား အားထုတ်တာ ရဟန္တာ ဖြစ်သွားတော့တာ။ ဟိုတုန်းက ရဟန္တာ က မဖြစ်ခင်ကတော့ ရှင်ဘုရင် စိတ်ထဲက ရဟန္တာလို့ မအောက်မေ့ဘူးလား။ ရဟန္တာလို့ အောက်မေ့တုန်းက ရဟန္တာ ဟုတ်ကဲ့လား။ သူယုတ်မာ။ ကဲ သူ့စေတနာက ရဟန္တာဆိုတော့ အကျိုးပေး မသန်ဘူးလား။ ရဟန္တာဖြစ်တော့ သူယုတ်မာလို့ ပြောင်းမသွားဘူးလား။ ရွှေတောင် ငွေတောင်တွေ ပျောက်ကုန်တော့တာပေါ့။ ဟိုမှာ ရဟန္တာဖြစ်ကာမှ ရွှေတောင် ငွေတောင်တွေက ပျောက်တာ။ သူယုတ်မာ တုန်းက သူ့စိတ်က ရဟန္တာလို့ အောက်မေ့တော့ ရွှေတောင်ငွေတောင်တွေ ပေါက်မလာဘူးလား။ အဲသလိုကွဲ့ ။

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ ဒုသီလကြီးက ကြောက်ကြောက်နဲ့ အားထုတ်တော့ ဒါ ရဟန္တာ ဖြစ်သွားတာ တရား အစ သံဝေဂ။ အဲသလို သုံးဆယ့်တစ်ဘုံ လောကသုံးပါးကို ကြောက်ပြီးတော့ အားထုတ်တော့ ပေါက်လွယ်တာ။

<u>တဏှာက သာလို့ပြောတတ်ပုံ။</u>

အခုဟာ အားမထုတ်ချင် ထုတ်ချင်ကြားလား။အင်း ဟိုသွားမလား ။ အားထုတ်.... အိမ်မှာ များ လစ်ပဟင်းဦးမလား ကြားလား။ ဟိုဟာ တွေးလိုက် ဒီဟာတွေးလိုက် ဒီလိုတွေ မနေဘူးလား။ စဉ်းစား။ ဒါမို့လို့ မိုးကုတ် ဆရာတော် ဘုရားကြီးက တရား ဟောရတော့ တဏှာက တို့ထက် သာတယ်တဲ့။ တဏှာက သာလို့ပြောတတ်တယ်တဲ့။ အဲဒါကျောင်းမှာ အားထုတ်တာ မိုးကုတ် ဆရာတော် ရှိတုန်းက တူပါတယ်။

ဒကာကြီး တစ်ယောက် အားထုတ် တယ်။ ဆယ်ရက်စခန်း၊ ငါးရက်မြောက်တဲ့အခါ သားတွေ သမီးတွေက၊ မအေက လွှတ်လိုက်တော့တာ စားစရာ သောက်စရာလေးတွေ အပေး လွှတ်တာ။ အဲလို ဟဲ့ နင့်အမေ နေကောင်းရဲ့လား၊ သိပ်နေမကောင်းဘူး။ သိပ်နေမကောင်း တော့ ဟိုမှာ စိတ်က ပြောင်းလာပြီ၊ ဟိုက ရစရာက ရလား၊ ရစရာကလည်း မပေးလာဘူး ကြားလား၊ စိတ်က ပြောင်းသွားပြီ။ ဟိုဒကာကြီးက နေလို့ ထိုင်လို့ သိပ်ပြီးတော့ နေရာ မကျဘူးဘုရား။ ရှေ့ကျန်းမာမှပဲ ပြန်ပြီးတော့ အားထုတ်တော့မယ်တဲ့။

အဲလိုသမီးက ပြောလိုက်တော့ခါ ကဲ အကြွေးကား ရပြီလား ဆိုတော့ မရသေးဘူးကိုး။ မအေက လည်း နေမကောင်းဘူး ဆိုတော့ ဟော သွားပါ ရော့ တဏှာက အဲဒီလို ဟောတာ ပါသွားတော့ တာ။ တဏှာ နောက်ကို ကြားလား။ နောက် နေကောင်းခါမှ ပြန်လာပါရစေတဲ့။ အဲဒီလိုဗျာ့ ကြားလား။ စဉ်းစားဖို့ မကောင်းလား။ သမုဒယ ဒုက္ခလို့ မဟောဘူးလား။ အဲဒါ နှစ်အကွက်မှာ ဝေဒနာပစ္စယာ တဏှာဗျာ့။ စဉ်းစားဖို့ မကောင်းလား။ ရစရာကလည်း မပေးလာသေးဘူး ဆိုတော့

စိတ်ချရဲ့လားဟဲ့။ ချဘူး။ အမေကြီးကလည်း နေမကောင်း ဆိုတော့ မဖြစ်ချေဘူးဟဲ့ ငါပြန်မှပဲ။ လာပြီ။ အဲဒီလို စိစစ်ဖို့ မကောင်းလား။ အဲဒါ လိုတယ်ကွဲ့။ သိဖို့လိုတယ်နော်။ သိမှ ပယ်နိုင်တာ မသိ ပယ်နိုင်ပ့ါ မလား။

<u>ဝေဒနာကျော်ပုံ။</u>

အဲဒါကြောင့် ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာပစ္စယာ ဒေါသ၊ အဲလိုစဉ်းစား။ ဝေဒနာလို့သိ၊ အနိစ္စလို့သိ။ ဝေဒနာလို့သိ၊ ဒုက္ခလို့သိ။ ဝေဒနာလို့သိ၊ အနတ္တလို့သိ။ ဝေဒနာသိတော့ ဝေဒနာ တွေ့တဲ့ အချိန် လူတွေ့ရဲ့လား။ တွေ့တာလူလား ဝေဒနာ။နတ်လား ဝေဒနာ။ ဗြဟ္မာလား ဝေဒနာ။ ကဲ လူလည်း မတွေ့၊ နတ်လည်း မတွေ့၊ ဗြဟ္မာလည်း မတွေ့။ ဘာဖြစ်လို့ မတွေ့။ တွေ့တာက ဝေဒနာ။ ဒိဋ္ဌိ မပြုတ်ဘူးလား၊ ခံစားပြီးတော့ မပျက်လား။ ပျက်ရင် ဝေဒနာ တွေ့သလား၊ မရှိတာ လား။ မရှိတာ အနိစ္စလို့ မပြောလား။ ဒါကြောင့် ဖြစ်ပျက် ဘာသစ္စာတဲ့လဲ။(ဒုက္ခသစ္စာ)။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရား။ ဆင်းရဲ တယ်လို့ သိတဲ့ အတွက် တဏှာလာသေးရဲ့လား၊ ဥပါဒါန် လာသေးရဲ့လား။ ကာမာသဝနဲ့ ဘဝါသဝ ချုပ်ပြီ။ ကဲ တဏှာမလာတာ အဲဒါ ဝေဒနာကျော်တယ် လို့ရှုတာပျို့။ ကြားရဲ့လား။ တဏှာမလာတာ ဝေဒနာကျော်တာ။ အဲဒီလို စိစစ်ဖို့ မကောင်းလား။ ဤနေရာရောက်အောင် ကြိုးစားအားထုတ်။ သိမှပယ်နိုင်တာ မသိပယ်နိုင်ပ့ါမလား။ အဲဒါလိုရင်း အချက်တွေကွဲ့။ ကြားလား။ ထိထိမိမိ အဲဒါသဘောပေါက်ဖို့လိုတယ်။

<u>ပစ္စုပ္ပန်တည့်တည့် ရှု</u>

လက်တွေ့ မျက်တွေ့ကတော့ ပြန်စဉ်းစား။ ပစ္စုပ္ပန္နဥ္စ ယော ဓမ္မံ အနိမိတ္တဥ္စ ဘာဝေဟိ တဲ့။ ပစ္စုပ္ပန်ဆိုတာ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ သိဆဲ နော်။ ဒါမို့ စွန်းလွန်းဆရာတော်က အတိတ်ကို မပြန်နဲ့။ အတိတ်ကိုပြန်ရင် ဒေါသဖြစ်မယ်။ အနာဂတ်က မရောက်သေး။ အနာဂတ်ကို မကြံနဲ့၊ ကြံရင်လောဘ ဖြစ်မယ်။ အတိတ်ကလွန်ခဲ့ပြီးပြီ။ ဒါကြောင့် အတိတ်ကို မပြန်နဲ့။ ပြန်ရင် ဒေါသဖြစ်မယ်။ အနာဂတ်က မရောက်သေး၊ အနာဂတ်ကို ကြံရင် လောဘ ဖြစ်မယ်။ ပစ္စုပ္ပန် တည့်တည့် မြင်ဆဲကို ယူပါတဲ့။ အခု တစ်ချို့က အတိတ်ကို ပြတာ ကိုယ်လာခဲ့တာ လူ့ဘဝက လာခဲ့တာလား၊ တိရစ္ဆာန်ဘဝက လာခဲ့တာလား။ ဒီလိုတွေ မကြည့်ကြဘူးလား ဟင်။ အဲဒါ အတိတ်တွေ လွန်ခဲ့ပြီးပြီတဲ့။ ဒါကို မကြံပါနဲ့တဲ့။ အနာဂတ်က မရောက်သေး ဘူး စိတ်ကူး မထည့်နဲ့ တဲ့။ အဲဒီလို မပြောဘူးလား။ ပစ္စုပ္ပန် တည့်တည့်လေး လုပ်ပါ။မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ သိဆဲ ပေ့ါ။ စဉ်းစားဖို့ မကောင်းလား။

<u>မြင်တာကို သညာဖုံးတယ်၊ သညာကို သင်္ခါရရှင်းမှ သင်္ခါကင်းမယ်။</u>

တိုတို တုတ်တုတ်နဲ့ ပြန်စဉ်းစားကြ။ မြင်တာကို သညာဖုံးတယ်၊ သညာကို သင်္ခါရှင်းမှ သင်္ခါကင်းမယ်။ မြင်တာက အဆင်းဓါတ်ကို မြင်တာ၊ သညာက မင်းသမီး သညာက မင်းသား။ မြင်တာက အဆင်းဓါတ်ကို မြင်တာ၊ သညာက မိန်းမ၊ သညာက ယောက်ျား။ ကဲလောဘ ဖြစ်တယ် ဆိုတာ အဆင်းကိုမြင်လို့ ဖြစ်တာလား မင်းသမီး မင်းသား မြင်လို့ ဖြစ်တာလား။ မင်းသမီး မင်းသား မြင်လို့ ဖြစ်တာနော်။ ဒါတော့ စိစစ်ဖို့ တကယ့်အမြင်ခံ အရှုခံက မင်းသမီးလား အဆင်းဓါတ်။ မင်းသားလား အဆင်းဓါတ်။ မင်းသမီးလည်း မတွေ့၊ မင်းသားလည်း မတွေ့၊ အမြင်ခံက အဆင်း ပါလားဟဲ့။ အဆင်းလို့ မြင်သိတာ စက္ခုဝိညာဏ်လို့ မပြောဘူးလား။ သူက နာမ်တရား မရလား။ အဆင်းက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါး။

မင်းသမီးလား နာမ်နှင့်ရုပ်။ မင်းသားလား နာမ်နှင့်ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ မင်းသမီး မတွေ့ မင်းသား မတွေ့။ ကဲ တွေ့တာက နာမ်ရုပ်ပဲ တွေ့တယ်တဲ့။ အရှိနဲ့ အသိနဲ့ ထပ်ဖို့ မကောင်းလား။ နာမ်ရုပ်တရား နှစ်ပါးကိုသိတာ သူ့ငါက သိတာလား။ မဂ္ဂသစ္စာ။ ဘယ်မဂ်က သိတာလဲ။ သမာဓိ၊ ဟော သမာဓိရသွားပြီ။ စဉ်းစားဖို့ မကောင်းဘူးလား။

သမာဓိရတယ်ဆိုတဲ့ ပုဂ္ဂိုလ် စဉ်းစား။ စိတ်ဆိုးလောက်အောင် ပြောဦးတော့ ဆိုးဦးမလား။ ကိလေသာ အရည်ပျော်လောက်အောင် ပြောဦးတော့ အရည်ပျော်ဦးမလား။ သမာဓိရတာ။ အဆင်းထဲမှာ စိတ်ဆိုးစရာ ပါရဲ့လား။ ဝမ်းသာစရာပါရဲ့လား။ ကဲ အဲလို စိစစ်ဖို့ မကောင်း လား။ ဒါကြောင့် မိုးကုတ် ဆရာတော်ဘုရားကြီးက ဘယ်လိုဟောတာလဲ ပြန်စဉ်းစားနော်။ နားက တရားကို နာ၊ ဉာဏ်က ခန္ဓာလှည့် လို့ မဟောလား။ ကဲ ခန္ဓာဘက်ကို လှည့်တဲ့အခါမှာ ပုဂ္ဂိုလ်၊ သတ္တဝါ ကား တွေ့ရဲ့လား။ တွေ့တာက ပုဂ္ဂိုလ်၊ သတ္တဝါလား နာမ်နဲ့ရုပ်။

ကဲ ရုပ်ကို ကြည့်ပြန်တော့လည်း အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုး။ အနှစ်သာရရှိရဲ့လား။ နာမ်ကို ကြည့်ရင်လည်း အနိစ္စ၊ဒုက္ခ၊အနတ္တ။ အနှစ်သာရရှိရဲ့လား။ ကောင်းတဲ့တရားလား၊ မကောင်းတဲ့ တရား။ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဟူသရွေ့ အို နာ သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ)။ ဟော ဒီလိုဆိုရင် ရုပ်ဒုက္ခ၊ နာမ်ဒုက္ခပေ့ါ။ ရုပ်နာမ်ရလို့ ဒုက္ခဖြစ်တာဗျ။ အဲတော့ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟူသရွေ့ သုံးဆယ့်တစ်ဘုံမှာ ကြည့်ချင်သလိုကြည့် အားကိုးရာ အားထားရာ ရှိရဲ့ လား။ ဘယ်နေရာပဲ့ ကြည့်ကြည့် ခိုကိုးစရာ မရှိဘူးနော်။ အဲလိုမြင်တဲ့အခါ သုံးဆယ့်တစ်ဘုံ လိုချင်တဲ့တဏှာ လာသေးရဲ့လား။ သိတော့ ပယ်တယ်လို့ မဟောဘူးလား။ ဆင်းရဲတယ်လို့ သိသွားပြီ။ ချမ်းသာတဲ့ နေရာကိုမတွေ့ဘူး။ ဒါကြောင့်မို့လို့ နဒီသောတော ဝိယ။ မြစ်ရေများ စီးသလိုတဲ့ မရပ်ဘူး၊

တဖြုတ်ဖြုတ် တသုတ်သုတ်နဲ့ ဖြစ်ပျက် ဖြစ်ပျက်လို့ မလာဘူးလား။ ဖြစ်ပျက် ဘာသစ္စာလဲ၊ (ဒုက္ခသစ္စာ)။ အေး ဒုက္ခသစ္စာ။

အခုတော့ ကျင်တယ်၊ နာတယ် မလာလားကွာ။ နာလိုက်တာ နာလိုက်တာ နိုပ်စမ်းဟေ့ နိုပ်စမ်းဟေ့ ဆေးယူခဲ့ ဆေးယူခဲ့ ဟိုက။ မိမိက ယူခဲ့တော့ တေဖောဘမ်းလိမ်း တေဖော ဘမ်းလိမ်း နိုပ်နိုပ်။ နာရီဝက်ကြာ ဘယ့်နှယ်လဲ သက်သာသွားပြီ။ သက်သာတာ သုခဝေဒနာ ပေါ့။ တော်တုန်းက နာတုန်းက ဒုက္ခဝေဒနာနော်။ အဲဒါ အမြဲတမ်း ဖြစ်သလား ဆယ်ခါတစ်ခါ ဖြစ်သလား၊ အဲဒါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ ဒုက္ခသစ္စာ မဟုတ်ဘူး။ သစ္စာသိမှ တဏှာ သေမှာ၊ အဲဒါ ဝိပဿနာ မထိုက်ဘူး။ နဒီသောတော ဝိယ လို့ ဟောတာ ကြားဖူးတယ် မို့လား။ မြစ်ရေဟာ တန့်ပြီးတော့ ရပ်လို့နေသလား၊ စီးနေတာ မဟုတ်လား၊

ခုလည်း ခန္ဓာက ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဆိုတော့ မရပ်ဘူး။ တဖြုတ်ဖြုတ် တသုတ်သုတ် ၊ ဖြစ်ပျက်နေတာ။ အဲဒါမှ ဆင်းရဲအစစ် ဒါကိုသစ္စာ၊ အဲဒါမှ ဒုက္ခသစ္စာ ထိုက်တာ။ခုတော့ ဆယ်ခါ တစ်ခါ နာတာ၊ အဲဒီလိုနာတာတွေဟာ၊ ဒီလိုနာတဲ့ဟာသာ နိဗ္ဗာန်ရရင် ဆေးရုံက လူတွေ အရင်ဆုံး ရမှာ။ ဆေးရုံမှာ သူနာတွေ အများကြီး၊ ကြားရဲ့လားဟဲ့။ စဉ်းစားဖို့ မကောင်းလား။ အဲဒါကြောင့် တရားဟော၊ တရားပြ ပြားသော်လည်း ဒုက္ခဝေဒနာနဲ့ ဒုက္ခသစ္စာ ပိုင်းခြားလို့သိ။ ဒုက္ခသစ္စာက ဒုက္ခသစ္စာ ဝေဒနာက ဝေဒနာ၊ စဉ်းစားဖို့ မကောင်းဘူး လား။

<u>ဝိညာဏက္ခန္ဓာ အိမ်မက် ပမာဏ။</u>

အဲတော့ ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်။ သုခဝေဒနာ ကိုယ်မှာပေါ်သည်။ သောမနဿ ဝေဒနာ စိတ်မှာ ပေါ်သည်။ ဒေါမနဿ ဝေဒနာ စိတ်မှာ ပေါ်သည်။ သူ့စိတ်မှာဖြစ်တာ လေ့လာဖို့ မကောင်း လား။ ဥပေက္ခာဝေဒနာ မျက်စိမှာ ပေါ်သည်။ ဥပေက္ခာဝေဒနာ နားမှာ ပေါ်သည်။ ဥပေက္ခာဝေဒနာ နာမှာ ပေါ်သည်။ ဥပေက္ခာဝေဒနာ လျှာမှာ ပေါ်သည်။ ဆိုးကောင်း နှစ်ပါး မပါဘူး။ ပါရဲ့လား။ အခါတိုင်းက ဟောခဲ့တယ်။ ပြန်ပြီးတော့မှ စားမြုံ့လွှဲ သလို၊ ကျွဲများ၊ နွားများ တစ်နေကုန် စားတဲ့ အစာ ညကျတော့ ချည်တိုင်မှာ မစားရဘူး။ တစ်မိုးချုပ်စားတာကို အစာကြေအောင်လို့ စားမြုံ့လွှဲ တယ်။ ကြားလား။ ကိုင်း အခုလည်း အဲဒီလို စားမြုံ့လွှဲသလို ကိုယ်လေ့လာခဲ့တဲ့ တရားတွေကို ပြန် နှလုံးသွင်းဖို့ မကောင်းဘူး လား။ စဉ်းစားကြည့်နော်။ အဲဒီလို စစ်ကြည့်တဲ့ အခါကျတော့ကာ ထိထိမိမိ အမြင်ခံ အဆင်း ရူပက္ခန္ဓာထဲမှာ ချစ်စရာ ပါ ပါမလား။ ချစ်စရာမပါရင် မုန်းစရာကော ပါရဲ့လား။ (သို့မဟုတ်ရင်) ချစ်စရာ သူ့စိတ်က လုပ်ထားတာ။ မုန်းတာ သူ့စိတ်က လုပ်တာ။အမြင်ခံ အရှု့ခံထဲမှာ ချစ်စရာ မပါဘူး မုန်းစရာမပါဘူး၊ အဲဒါယုံကြည်ဖို့ မကောင်းဘူးလား။

ကဲတစ်ခါ ပြန်ပြီးတော့မှ ဆန်းစစ်ဦး။ လင်မယား ရန်တွေ့လို့ကွဲတယ်ဆိုတာ ချစ်လို့လား၊ မုန်းလို့လား။ မုန်းလို့ကွဲတာ။ ကွဲတယ်ဆိုတာ ပြန်ပြီးတော့စေ့စပ်၊ သူ့ဘက် ငါ့ဘက် ရေလည်အောင်၊ အကွက် လည်အောင် စိတ်ကျေနပ် လောက်အောင်၊ ပြေအောင် စိတ်ဆိုး ပြေအောင် ပြောတော့၊ ပြေလို့လင်မယား ပြန်လို့မပေါင်းမိဘူးလား။ တကယ် စိတ်ဆိုးစရာ ပါရင်၊ မုန်းစရာ ပါရင် ပြန်ပေါင်းလို့ ဖြစ်ပါ့မလား။ အဲဒါယုံရဲ့လား။ တကယ်သာ ချစ်စရာပါရင်လဲ လင်မယား ရန် တွေ့တယ်လို့ ရှိပါ့မလား။

ရန်တွေ့တာ ထောက်ကြည့်တော့ ချစ်စရာ မပါဘူးကွဲ့။ ကြားလား။ ပြန်ပေါင်းမိတာ တွေ့တော့လည်း မုန်းစရာမပါဘူးကွဲ့။ အဲဒါကို စဉ်းစား ဒါအလုပ်လုပ်တာ။ ဟော ကိုယ့်စိတ်မှာ ဖြစ်တာ သောမနဿဝေဒနာ စိတ်မှာပေါ်သည်။ ဒေါမနဿဝေဒနာ စိတ်မှာ ပေါ်သည်။ စိတ်မှာ ဖြစ်တာပါလား။ ကဲ အမြင်ခံမှာဖြစ်တာ ဟုတ်ကဲ့လား။ အဲဒီလို စိစစ်ဖို့ မကောင်းဘူး လား။

အဲဒီလိုစိတ်ကို ဝေဖန် စိစစ်ကြစို့ဆိုတော့.... ရှေးကဆရာတော်တွေ ဘယ်လိုဥပမာ ပေး သလဲ။ ဝိညာဏက္ခန္ဓာ အိမ်မက်ပမာဏ။ အိမ်မက်ထဲမှာရွှေအိုးရလို့ မက်တဲ့ ပုဂ္ဂိုလ်တွေ၊ သိန်းထီပေါက်လို့ မက်တဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလား။ မနိုးခင်ကြား စိတ်ကူး မယဉ်ဘူးလား။ စိတ်ကူးယဉ် တယ်နော်။ နိုးလိုက်တဲ့ တစ်ချိန်တည်းကိုယ့် စိတ်ကူးအတိုင်း ဖြစ်မဖြစ်။ ဒါ တကယ်ရှိလို့လား၊ မရှိလို့လား။ အခုလည်းသူ့ စိတ်မှာဖြစ်တာ တကယ် ရှိတာမဟုတ်ဘူးကွဲ့။ အဲဒီလို လေ့လာဖို့ မကောင်းဘူး လား။

တနည်းအားဖြင့် မျက်လှည့်ပမာဏလို့ မဟောဘူးလား။ မျက်လှည့်ပြတဲ့ ရွှေတွေ၊ ငွေတွေ သုံးလို့ စွဲလို့ရသလား။ မျက်လှည့်ပြတဲ့ ဆန်တွေ ချက်လို့ ပြုတ်လို့ရသလား။(မရဘူး)။ ဘာဖြစ်လို့မရလဲ၊ တကယ်ရှိတာ မဟုတ်ဘူး တူတော့ တူ မနေဘူးလား။ အခုလည်း တူတယ်ကွဲ့။

ဘယ်လို တူတာလဲလို့ စဉ်းစားဦး။ ဉာဏ် ဉာဏ် ဉာဏ် အလုပ်။ အခုခါတ်ပုံရိုက်မယ် အဲဒီ ဟိုက ခါတ်ပုံရိုက်တော့ မိမိခန္ဓာကိုယ်ကြီးက ဖလင်ထဲကို ဝင်သွားသလား။ မဝင်ဘူးနော်။ ဒီက ကိုယ်ကောင်ကြီးက ဟိုထဲကို မဝင်ဘူး။ သို့သော်လည်း အဲဒီထဲမှာ ကိုယ်နဲ့တူတဲ့ အလား သဏ္ဍာန် ပုံတူ မပေါ်ဘူးလား။ အလားတူ ဒီကဟိုဘက်ကို မရောက်ဘူး။ ဒီဟာ မဟုတ်ဘူး ကြားလား။ စဉ်းစားဖို့ မကောင်းဘူးလား။ တူတော့ မတူဘူးလား။ တကယ့် ကိုယ်ကောင်ကြီး ဟုတ်ကဲ့လား။

ကဲ တစ်ခါ ပြန်ပြီးတော့ စဉ်းစားဦး။ တောထဲ တောင်ထဲ သွားဖူးတဲ့အခါ အပေါင်းအဖော်နဲ့ သွားကြ။ ပြန်ခါနီးကျတော့ တစ်ယောက်နဲ့ တစ်ယောက် လှူစုရတယ်။ အောင်မော် အောင်မော် ပဲ့တင်သံက အောင်မော် အောင်မော်။ ဒီက အောင်မော် အောင်မော် ဟိုက အောင်မော် အောင်မော် ပဲ့တင်သံ

မလာဘူးလား။ ကဲ ဟိုက အသံ ဒီက ဟုတ်ရဲ့လား။ မဟုတ်ဘူးနော်။ ကဲ ဒီက အသံကို ကင်းလို့ ကော ဟိုမှာ ဖြစ်ပွဲ့မလား။ဒီက အသံကင်းလို့ ဖြစ်ပွဲ့မလား။ ဒီက အသံကား ဟိုက အသံ ဟုတ်ကဲ့ လား။ ကဲ ဒီက အသံက ဒီက အသံပဲ။ ဟိုက ပွဲ့တင်သံလို့ မပြောကြဘူးလား။ တူတော့ မတူလား။ ဒီက အသံ ဟုတ်ကဲ့လား။

အခု လည်း လူသေတဲ့အခါ ဒီကမြင်တဲ့ဆီမှာ ချုပ်တယ်လို့ ဘုရားမဟောဘူးလား။ ဘဝ ပြန်တဲ့အခါ မပြောနိုင်ဘူးလား။ အကုန် ပြောနိုင်တာကွဲ့။ သူထားတာတွေလေ။ ဟော သူ ထားခဲ့တာတွေ ပေသီးတွေ၊ဒိုးတွေ သေတ္တာထဲမှာ ထားခဲ့တာ။ အကုန်လုံး ပြောတာ။ ဟုတ်တယ်ဟေ့။ အကုန်သူ ပြောတဲ့ အတိုင်း ကိုက်တယ်။ မပြောဘူးလား။ ကဲ မျက်မြင် ဘုရား က မြင်တဲ့ဆီမှာ ချုပ်၊ ကြားတဲ့ ဆီမှာ ချုပ်လို့မဟောဘူးလား။

ဘာ့ကြောင့်ပြောနိုင်တာလဲ။ ကမ္မသတ္တိ။ အဲဒီ ကမ္မသတ္တိ ကျန်လို့ပြောနိုင်တာဗျ။ စဉ်းစားဖို့ မကောင်းလား။ အဲဒီ ကမ္မသတ္တိ ကုသိုလ်ကံ၊ အကုသိုလ်ကံ။ ကဲ တစ်ခါ လူနှစ်ယောက် ရန် တွေ့တယ်။ ရန်တွေ့လို့ တစ်ယောက်နဲ့ တစ်ယောက် သေလောက်အောင် ကြံစည်တာ။ ရန်တွေ့ လို့ ပြီးတော့ တစ်ယောက်က မိုးကုတ် ကျောက်တွင်း တက်သွားတော့တာတဲ့။ နှစ်ပေါင်း နှစ်ဆယ် ကြာတယ်။ အဲဒီလူကို ရန်တွေ့တဲ့လူကို တစ်ခါမှမမြင်ရဘူး။ မမြင်တော့ ကာ ပေါ်သေးရဲ့လား၊ မပေါ်တော့ဘူးနော်။ သူက ပြန်လာတော့ကာ သူ့ကိုမြင်တော့ ဟိုတုန်းက ရန်တွေ့တာတွေ ပြန်မပေါ်ဘူးလား။ ကမ္မသတ္တိ ကျန်တာကွဲ့။ ဝမ်းနုတ်ဆေး စားလည်း မပါဘူးဟေ့။ ကြားလား။ ဝမ်းနုတ်ဆေး စားလည်း ပါမသွားဘူး။ ဒါ ကမ္မသတ္တိ။ အဲဒီလို ယုံကြည်ဖို့မကောင်းလား။ အဲဒီ သတ္တိ ကျန်တာဗျ။

ဒါမို့ စက္ခုဝိညာဏ် အနိစ္စံ၊ မြင်ပြီးရင် ချုပ်တယ်။ မျက်စိမှာမြင်တာ၊ မျက်စိမှာချုပ်တယ်။ ဆံချည် တစ်ချောင်းစာမျှ ရွှေ့လို့မရဘူး။ နားက ကြားတာ၊ နားမှာ ချုပ်တယ်။ ဘယ်မှမရွှေ့ ဘူး။ ကြားရဲ့ လား။ အဲလို သိဖို့ လိုတာဗျ။ အခုတော့ ဟိုဘဝ ရောက်သွားပြီလို့ ယူတော့တာ ကြားလား။ ခြောက်တယ်ကွဲ့။ တစ္ဆေပူး ပြောတာကွဲ့။ ဆွမ်းသွတ်ဦးစို့။ မလာဘူးလား။ ပူးပြောတာတဲ့ ကြားရဲ့လားဟေ့။ စဉ်းစား။ ဒီက မြင်တဲ့စိတ်က ဒီမှာချုပ်တာ။ ဘာ့ကြောင့်လဲ သတ္တိက ကျန်လို့။ ကြားလား။ အဲဒီလို လေ့လာဖို့မကောင်းလား။အေး အဲလိုစဉ်းစားရတယ်။

<u>သစ္စာနဲ့ ဝေဒနာနဲ့ မရောရန်။</u>

အဲတော့ စက္ခုဝိညာဏ် အနိစ္စံ၊ သောတဝိညာဏ် အနိစ္စံ၊ မြင်ပြီးပျက်၊ ကြားပြီးပျက်။ အဲဒါကို ဖြစ်ပျက်လို့ ဟောတာဗျ။ အဲဒီ ဖြစ်ပျက်က ရေမျှားစီးသလို မရပ်တော့ဘူး။ ဒါမို့ ဖြစ်ပျက် ဘာသစ္စာ

လဲ။ (ဒုက္ခသစ္စာ)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရား။ (ဆင်းရဲတဲ့ တရား)။ အဲဒါမှ ဒုက္ခသစ္စာ။ အခု ခဏနာလို့အော်နေတာက ဒုက္ခဝေဒနာ။ ဆေးလိမ်း ဘာလေး လိမ်းလို့ပျောက်သွားတော့ကာ သက်သာတာက သုခဝေဒနာ။ ဒုက္ခသစ္စာ မဟုတ်ဘူး။ အဲဒါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ ဟိုက ဒုက္ခသစ္စာ။ တဖြစ်တည်း ဖြစ်၊ တပျက်တည်း ပျက် ပျက်ပျက်နေတယ်။ အဲဒါပျက်တယ်ဆိုတော့ ချမ်းသာတာ ဟုတ်ကဲ့လား။ အေး အဲဒါမှ သစ္စာ။ အခုဟာက ကောင်းလိုက် မကောင်းလိုက် ဒါ သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ အဲဒါ သစ္စာနဲ့ ဝေဒနာနဲ့ မရောနဲ့။ အဲလိုသိ။ ခုအဲဒါက မကွဲ အားထုတ်တာ၊ ဘာလို့လည်း မသိ၊ ညာလို့ လည်း မသိ ကြားရဲ့လား။ ဒါနဲ့သာ နေဝင်လို့ အချိန်ကုန်ပြီ ဆန်က ဈေးက ကြီး ဆန်ကုန် မြေလေး။ ဆန်ကုန် မြေလေး။ အဲဒီလို စိစစ်ဖို့မကောင်းလား။ အေး လေ့လာကြ။ အဲဒါ လိုရင်း အချက်တွေ ကွဲ့နော်။

ကဲ ဒါကြောင့် မြင်တာကို သညာဖုံးတယ်၊ သညာကို သင်္ကာရှင်းမှ သင်္ကာ ကင်းမယ်။ မြင်တာက အဆင်းဓါတ်ကို မြင်တာ။ သညာက မင်းသမီး၊ သညာက မင်းသား။ ကဲ တကယ့် အမြင်ခံ အခု လိုချင်တဲ့ လောဘဖြစ်တာ။ ခံပြင်းတဲ့ဒေါသဟာ အဆင်း အပေါ်မှာ ဖြစ်တာလား၊ မင်းသမီး အပေါ်မှာ ဖြစ်တာလား။ မင်းသမီးအပေါ်မှာ နော်။ ကဲ အဲဒါ အဆင်းလို့သာ မြင်ရင် လောဘ ဖြစ်ပါ့မလား။ အဆင်းလို့ မြင်ရင် ဒေါသဖြစ်ပါ့မလား။

ဒါကြောင့် မြင်တာကို သညာဖုံးတယ်။ အမြင်ခံက အဆင်း။ဟော သညာက မင်းသမီး၊ သညာက မင်းသား။ ဒါ အမှတ်မှား တယ်လို့ မဟောဘူးလား။ အဲဒါနလုံးသွင်းမှားတော့ ဝိပလ္လာသ ဝိပလ္လာသ အနေနဲ့ အမှတ်မှားတာ။ သညာဝိပလ္လာသ မင်းသမီး၊ မင်းသားလို့ အမှတ်မှားတာ။ သညာ ဝိပလ္လာသ။ အမှတ်မှားတော့ မင်းသမီး၊ မင်းသား အနေနဲ့ အသိ မမှားလား။ အသိမှားတာ စိတ္တ ဝိပလ္လာသ။ အသိမှားတော့ အယူအဆ မမှားလား။ ဒိဋ္ဌိ ဝိပလ္လာသ။ ဤတရား သုံးပါးကြောင့် သက္ကာယ ဒိဋ္ဌိ ဖြစ်တာဗျ။

အဲဒီလို ပြောဟောတော့ကာ ကဲ တရားနာတဲ့ပုဂ္ဂိုလ်က မစဉ်းစားရပေဘူးလား။ စဉ်းစားတော့ ကာ စဉ်းစား ဝေဖန်တော့ အင်း ဟုတ်တယ်။ အဲဒီလို ရှင်းခနဲ လင်းခနဲဖြစ်သွား ဖို့လိုတာ။ အဲဒီ အကျိုး အပြစ်ကို သိပြီးခါမှ ဒီလိုထိုင်ရတာဗျို့။ ကြားရဲ့လား။ ခုတော့ ဘာမှ မသိ၊ ဘာမှမသိ။ ထိုင်ဆို ထိုင်လိုက်ပြန်ပြီ။ နာရီစေ့ပြန်ပြီ။ ဟိုကထိုင်ခါစလူကညောင်း သံချောင်း က မရိုက်နိုင်ဘူးကွာ။ (ဟားဟား) သံချောင်း တီးတာနဲ့ရန်တွေ့နေတော့တာ။ဒီက ဒီက ထချင်လှပြီ။ ကြားလား။ အဲ အဲသလိုတွေ မရှိဘူးလား။

အကျိုးအပြစ်ကို သိရတယ်။သိတော့ ထိုင်ခါစ သက်သက်သာသာ။ အထိုင် ကြာတော့ကဲ မခံခက်ဘူးလား။ ခံခက်တယ်။ ညောင်းတယ်၊ ညာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ပူတယ်၊ အေးတယ်၊ အောင့်တယ်၊ ယားတယ် ခန္ဓာကပြနေတာ။ စင်စစ်တော့ ညောင်းတာ လား ဖောက်ပြန်တာ။ ကျင်တာလား ဖောက်ပြန်တာ။ကိုက်တာလား ဖောက်ပြန်တာ။ မူးတာလား ဖောက်ပြန်တာ။ အောင့်တာလား ဖောက်ပြန်တာ။ ယားတာလား ဖောက်ပြန်တာ ။ ဖောက်ပြန်တဲ့ သဘောနဲ့ သိတဲ့သဘောက လွဲလို့ခန္ဓာမှာ ဘာမှမရှိဘူးဗျား။ သည်နှစ်ခု ရှိတာ။ အဲဒီနှစ်ခုကလည်း ဒါအလေ့အလာ ဉာဏပရိညာနဲ့ ပညတ်၊ ပရမတ်ကို ပိုင်းခြား ဟောရသေးတယ်။ ပညတ်နဲ့ ပိုင်းခြားဟောခါမှ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ ပြုတ်ခါမှ အဲဒီဟာကို ဟောရမှာ။ ဖောက်ပြန်ပြီးတော့ မပျက်လား။ သိပြီးတော့ မပျက်လား။ ပျက်တယ်ဆိုတာ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရား။ ဆင်းရဲတယ်လို့ သိပြီနော်။

ကဲဆင်းရဲတယ်လို့သိတော့ကော သုခဝေဒနာ လို့ တပ်ဦးမလား။ ဒုက္ခသစ္စာလို့ မဟောလား။ ဟိုက အခု ကောင်းလိုက် မကောင်းလိုက်။ အခု ခံသာလိုက် မခံသာလိုက်။ မခံသာတာ ဒုက္ခ ဝေဒနာ။ ခံသာတာ သုခဝေဒနာ။ အခုက ဖြစ်ပျက်က ဒုက္ခသစ္စာ။ ဟော ချမ်းသာတာကို မပါဘူး။ ဆင်းရဲတာ အတိလို့မဟောဘူးလား။ မြစ်ရေများ စီးသလို- လို့ ဟော မဟော။ ဟောရင်ဒါ တဖြစ်တည်းဖြစ် တပျက်တည်းပျက် ဒုက္ခသစ္စာလို့ဟောတာဗျ။ အခုဝေဒနာနဲ့ ဒုက္ခသစ္စာနဲ့ ပိုင်းခြားလို့ ဉာဏ်က မသိ ငါနဲ့က ရောရောနေတာဗျ။ အဲဒီလို လေ့လာဖို့ မကောင်းလား။ သိမှပယ်နိုင်တာ မသိပယ်နိုင်ပါ့မလား။

ဒါကြောင့်မို့ ဟေ့ ခွေးမသား ဟေ့ ခွေးမသား ။ အဲ အာရုံက ထင်တာ။ ခွေးမသား ဆိုတာ ပညတ်အာရုံ ကွဲ့။ အသံလို့ ကြားတာ က ပရမတ်အာရုံ ကွဲ့။ ကြားလား။ ခွေးမသားလို့ ကြားတော့ စိတ်မဆိုးဘူးလား။ အသံလို့ကြားရင် စိတ်ဆိုးမလား။ အသံလို့ ကြားဖို့ လိုတာနော်။ အဆင်းလို့ မြင်ဖို့လိုတာနော်။ မင်းသမီးမြင်တော့ကာ လောဘဖြစ်၊ မင်းသား မြင်တော့ လောဘဖြစ်၊ အလို မကျတော့ ဒေါသဖြစ်။ ကဲ အဆင်းလို့မြင်တဲ့အခါ လောဘ ဖြစ်စရာ လိုသေးရဲ့လား။ဒေါသဖြစ်စရာ လိုသေးရဲ့လား။ အဲသည့် အဆင်း ရူပက္ခန္ဓာ တရား ကြီးက ရေမြှုပ်ကြီး ကဲ့လို့မဟောဘူးလား။ ရူပ္ပတီတိ ရူပံ ဖောက်ပြန်ပြီးတော့ မပျက်လား။ ကဲ ဖြစ်ပျက်လို့ မဟောဘူးလား။ အရှုခံတရားက အနှစ်သာရရှိရဲ့လား။ ရေမြှုပ်ကဲ့သို့ ဥပမာ ပေးလို့ ဟောမဟော။ ဟောရင် ရေမြှုပ်ဆိုတာ ဘာမှ အသုံးမကျတဲ့ တရားကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ရေမြှုပ်အကြီးကြီး လက်နဲ့ကိုင်စမ်းကြည့်။ လက်ညှိုးနဲ့ လက်မပဲ ထိသွား မယ်။ ခုခံရဲ့လား။ ဒါ အနှစ်သာရ ရှိလို့လား။ မရှိလို့။ ဒါကြောင့်

ပျက်နေတာ ပေါ့ကွဲ့။ အဲဒီ ခန္ဓာကို အနစ်သာရ မရှိတဲ့ခန္ဓာနဲ့ နေ့စဉ် နေရတော့ကာ ချမ်းသာတာ လား၊ ဆင်းရဲတာ။ အေး ခဏ ခဏပြင်ရတာဗျ။

ခန္ဓာကို အဝတ်အစားနဲ့ ပြင်ရတယ်။ ရောဂါသည်တွေ ရောဂါသည်တွေ အဲဒါ ဘယ်အဝတ် ဝတ်တယ် ဘယ်လောက်တန်တယ် ဘယ်လောက်တန်တယ် ပြောတာ။ အဲဒါ ပတ်တီး စည်း ထားတာဗျ။ ပတ်တီး စည်းထားတာ အနာတွေ အနာတွေ ပတ်တီး စည်းထားတာ။ ကိုယ့် ဟာ အကောင်းများ ထင်မနေနဲ့။ မကြွားနဲ့။ ငါနှစ်သိန်းတန် ဝတ်တာ။ ပတ်တီးတွေ နှစ်သိန်း တန် စည်းရတာ ရောဂါ သိပ်ကြီးတယ်ကိုး။ စဉ်းစား။ ရောဂါ သိပ်ကြီးတာ။ ဟိုလူက တစ်ထောင်တန်နဲ့ စည်းထားတာ။ ဟိုက နှစ်သိန်းတန်။ ရောဂါကြီးတာ အကုန်ပေါ်ကုန်ပြီ။ ကြားရဲ့လား။ စဉ်းစားဦး။

ဟိုလူက နေပြီးတော့ ထမင်းတစ်ပွဲကို ငါးရာတန်စားတာ။ ဒီက သုံးထောင်တန်။ ဟော အတော် ဆိုးတဲ့ ကိလေသာ အားကောင်းတဲ့ ပုဂ္ဂိုလ်ကြားရဲ့လား။ စဉ်းစားဖို့ မကောင်းလား။ သူက ကိလေသာ ထူတာ။ ဟိုလူက ကိလေသာပါးတာကွဲ့။ အဲဒီလို လေ့လာဖို့ မကောင်းလား။ ငါ ဘယ်လောက်ထိ ဝယ်စားနိုင်တယ်လို့ မလာဘူးလား။ ကိလေသာ ထူတာ သိ တော့တာ ဗျာ့။ ကြားရဲ့လား။ အဲဒီလို လေ့လာဖို့ မကောင်းဘူးလား။ အမှန်စဉ်းစားကြ။ အမျိုးမျိုး ပြုပြင် ဘယ်လောက်ပဲ ပြင်ပြင် ပြင်တိုင်း ပြင်လို့ကော ရရဲ့လား။ပြင်လေ ပျက် လေ။ ပြင်လေ ပျက်လေ။ ဖြစ်ပျက် ကြားရဲ့လား။ အဒို မရပ်၊ အနာ မရပ်၊ အသေ မရပ်။ အဲဒါကြောင့်မလို့ ဒုက္ခသစ္စာ လို့မဟောဘူးလား။

ခု ဆယ်ခါ တစ်ခါ နာတာက ဝေဒနာ၊ ဒုက္ခဝေဒနာ၊ သုခဝေဒနာ။ ကြားလား။ တဖြစ်တည်း ဖြစ် တပျက်တည်း ပျက်နေခြင်း ကြောင့် သူ့ကို ဆင်းရဲတယ်လို့ မဟောဘူးလား။ ဒုက္ခသစ္စာ။ သိတော့ ဆင်းရဲတဲ့ တရားကို သိတော့ နောင်တဖန် ဒီခန္ဓာမျိုးကို ရချင်သေးရဲ့လား။ လက်ရှိ ခန္ဓာ မတွယ်တာဘူး နော်။ နောင်ခန္ဓာ တောင့်တ ဦးမလား။ အဲဒီလို စိစစ်ဖို့ မကောင်းလား။ အဲဒါလိုရင်း အချက်တွေ ကွဲ့ ကြားလား။

မျက်စိပေါက်က ရာဂ၊ ဒေါသ၊ မောဟတွေသာ ချုပ်ရင် ကျန်တဲ့ နား၊ နှာ၊ လျှာလည်း ချုပ်တယ်။ အဲဒီလို စိစစ်ဖို့ မကောင်းလား။ ကဲ မြင်တာကိုသညာဖုံးတယ်၊ သညာကို သက်ာ ရှင်းမှ သက်ာ ကင်းမယ်။ မြင်တာက အဆင်းဓါတ်ကိုမြင်တာ၊ သညာက မင်းသမီး၊ သညာက မင်းသား။ ကဲ ဝိဇ္ဇာ မျက်မှန်နဲ့ တပ်ကြည့် မင်းသမီး မြင်တာလား အဆင်းကို မြင်တာလား။ မင်းသားကို မြင်တာလား အဆင်းကို မြင်တာလား။ ကဲ မင်းသား မတွေ့တာ ရှိလို့လား၊ မရှိလို့။ မင်းသမီး မတွေ့တာ ရှိလို့လား၊ မရှိလို့။ တွေ့တာက မင်းသမီးလား အဆင်းဓါတ်။ မင်းသားလား အဆင်းဓါတ်။

20.5.2005,(2:00pm)17

မြင်သိတာ စက္ခုဝိညာဏ်က နာမ်တရား မရလား။ အဆင်းက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ မင်းသမီးလား နာမ်နရုပ်။ မင်းသားလား နာမ်နဲ့ရုပ်၊ နာမ်ရုပ်ပဲ တွေ့ပြီ။

ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားက သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မပြောလား။ ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရား။ (ဆင်းရဲတဲ့ တရား)။ သိတော့ပယ်တယ်လို့ မပြောဘူး လား။ ဆင်းရဲတယ်လို့ သိတော့ လိုချင် သလား။ အခုဆင်းရဲတာကို မမြင်လို့ လိုချင်တာ။ ဆင်းရဲတဲ့တရားကို လူချမ်းသာလို့ နလုံးသွင်း မမှားလား။ နတ်ချမ်းသာလို့ မမှားလား။ ပြဟ္မာ ချမ်းသာလို့ မမှားလား။ ဒါကြောင့်မလို့ လိုချင်တာ တဏှာ။ နလုံးသွင်း မှားတာ အဝိဇ္ဇာကွဲ့။ အလယ်.... စက်ဝိုင်း မှာကြည့် ၊ မူလနှစ်ဖြာ အဝိဇ္ဇာနဲ့ တဏှာလို့ မပါဘူးလား။ နလုံးသွင်း မှားလို့ လိုချင်တာဗျ။ ကဲ ဆင်းရဲတဲ့တရားကို သိခါ ဝိဇ္ဇာ လို့ မပြောဘူးလား။ ဝိဇ္ဇာဆိုကတည်းက တဏှာ လာဦးမလား။ မလာတော့ဘူး။ တဏှာမလာ ဥပါဒါန် လာဦးမလား။ ကိလေသဝဋ် မချုပ်လား။ ကိလေသဝဋ် ချုပ်တော့ ကမ္မဝဋ် မချုပ်လား။ နောက်ခန္ဓာ ဇာတ် မသိမ်းလား။ နိရောဓ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။( ဒုက္ခသစ္စာ ပါဘုရား။) သိတာက။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက်ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား)။ ငါး လေးလီ ။(နှစ်ဆယ်) ဤရှစ်သွယ်ကို ။ (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု ။

.......................................................................................................................................

ဩဝါဒ။ ။ ညောင်းတယ်ကွဲ့ ကျဉ်နေတာ ကျဉ်တယ်လို့ပြောရတာ။

စင်စစ်တော့ ဖောက်ပြန်နေတာ။